# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

March 22 , 2024 | Volume 76, Number 16


## Coconut Project ၏ ဒုတိယအကြိမ် စီမံကိန်းကြီးကြပ်မှု ကော်မတီ အစည်းအဝေးကျင်းပခြင်း




စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ အက်ခ်ကမက်-ကိုရီးယားပူးပေါင်းဆောင်ရွက်မှု ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသော ဧရာဝတီတိုင်းဒေသကြီးတွင် အလားအလာရှိသောထုတ်ကုန် (အုန်းသီး) တန်ဖိုးကွင်းဆက်တစ်လျှောက် အဆင့်မြှင့်တင်ထုတ်လုပ်ခြင်းစီမံကိန်း၏ ဒုတိယအကြိမ် စီမံကိန်းကြီးကြပ်မှုကော်မတီအစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့ ညနေ (၃) နာရီအချိန်တွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ အစည်းအဝေးခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပခဲ့သည်။ အစည်းအဝေးတွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် စီမံကိန်းဆိုင်ရာတာဝန်ရှိသူများ၊ စီမံကိန်းကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ စုစုပေါင်း (၂၀) ဦး တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်၊ ဒေါ်နော်မူတာကပေါက အဖွင့်အမှာစကားပြောကြားခဲ့ပြီး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထိန်လင်းက စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။ ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးပါက ဆက်လက်ဆောင်ရွက်သွားမည့် ကိစ္စများနှင့်စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီးတွင် အကောင်အထည်ဖော်မည့် အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများစာရင်းတွင် အုန်းသီးနှင့်ထုတ်ကုန်များကို ထည့်သွင်း၍ အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း စီမံချက်

၂၂.၃.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၁၇၄ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၇၁.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၇.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၄၃.၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၇.၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၀.၅၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၁၉၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၆.၂၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၃.၀၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၆၈၄ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၅၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

များတွင်လည်း ထည့်သွင်းထားကြောင်း၊ အုန်းချိုမွှေးကို အရေအတွက်များစွာ စိုက်ပျိုးထုတ်လုပ်သွားမည်ဖြစ်ကြောင်း၊ အုန်းသီးအတွက် စိုက်ပျိုးရေးဦးစီးဌာန၏ စိုက်ပျိုးရေးအလေ့အကျင့်ကောင်းလက်မှတ် (Good Agricultural Practices –GAP) ရရှိရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တရုတ်ဈေးကွက်သို့ အုန်းချိုမွှေးတင်ပို့နိုင်ရေး တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့ (GACC) ၏ လက်မှတ်ရရှိရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြသည်။

ထို့နောက် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်၊ ဒေါ်နော်မူတာကပေါက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ပြီး အစည်းအဝေးကို ညနေ (၅) နာရီအချိန်တွင် ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** https://myantrade.gov.mm/article/Nay%20Pyi%20Taw%20STP_21-2-2024%2016:50%20PM

## အင်ဒိုနီးရှားနိုင်ငံဆိုင်ရာစီးပွားရေးသံမှူးနှင့် ဧရာဝတီတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းတို့ တွေ့ဆုံ




အင်ဒိုနီးရှားနိုင်ငံဆိုင်ရာစီးပွားရေးသံမှူး Mr. Arvinanto Soeriaatmadja နှင့် ဧရာဝတီတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၏ တာဝန်ရှိသူများသည် ၂၀၂၄ ခုနှစ် မတ်လ ၂၂ ရက်နေ့က ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ရှိ ပုသိမ်စက်မှုစီမံကိန်း အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးပွဲတစ်ရပ် ကျင်းပပြုလုပ်ခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံဆိုင်ရာစီးပွားရေးသံမှူးက အင်ဒိုနီးရှားနိုင်ငံ၏ ဆန်လိုအပ်ချက်ကို ဖြည့်တင်းနိုင်ရန် ဆန်တင်သွင်းလိုပြီး ဧရာဝတီတိုင်းဒေသကြီးမှ ဆန်စပါးလုပ်ငန်းအပြင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြားစီးပွားရေးလုပ်ငန်းများတွင်လည်း အင်ဒိုနီးရှားနိုင်ငံရှိကုမ္ပဏီများ လာရောက်ရင်းနှီးမြုပ်နှံနိုင်ရန် ၎င်းအနေဖြင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသံရုံးတွင် လာမည့်ဇွန်လ၌ကျင်းပမည့် ကုန်စည်ပြပွဲသို့ပါဝင် တက်ရောက်ပါရန် ဖိတ်ကြားပါကြောင်း ဆွေးနွေးပြောကြားသည်။

ဧရာဝတီတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးရာတွင် ဆန်စပါးလုပ်ငန်းနှင့် ရေချို၊ ရေငန်ငါး၊ ပုစွန် စိုက်ပျိုးမွေးမြူထုတ်လုပ်တင်ပို့ရောင်းချခြင်းလုပ်ငန်းများအတွက် နည်းပညာနှင့်အရင်းအနှီးများလိုအပ်ပါကြောင်း၊ Contract Farming ပုံစံဖြင့် လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရန် ဖိတ်ခေါ်ပါကြောင်း၊ လက်ရှိထွက်ရှိနေသော ဆန်စပါး၊ ပဲ၊ ပြောင်း သီးနှံများကိုလည်း ဧရာဝတီတိုင်းဒေသကြီးမှ အင်ဒိုနီးရှားနိုင်ငံသို့ တိုက်ရိုက်တင်ပို့လိုကြောင်းနှင့် တိုက်ရိုက်တင်ပို့နိုင်ရန် အခွင့်အလမ်းများလည်း ရှိနေပြီဖြစ်ကြောင်း ပြန်လည်ဆွေးနွေးခဲ့သည်။

မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးက မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့က လွှင့်တင်ထားသည့် Digital e-commerce platform နှင့်ပတ်သက်၍ နှစ်နိုင်ငံ exporters နှင့် Buyers များတိုက်ရိုက်ချိတ်ဆက်နိုင်ရန် email ဖြင့်ဆက်သွယ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းဆွေးနွေးတင်ပြခဲ့သည်။

**Source: ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံး**

## မြန်မာနိုင်ငံ၏ အာဆီယံ-တရုတ်လွတ်လပ်သော ကုန်သွယ်မှုနယ်မြေဆိုင်ရာ အကောက်ခွန်နှုန်းလျှော့ချမှုအစီအစဉ်ကို ၂၀၂၄ ခုနှစ် ဧပြီ ၁ ရက်တွင် စတင်မည်

မြန်မာနိုင်ငံ၏ အာဆီယံ-တရုတ် လွတ်လပ်သော ကုန်သွယ်မှုနယ်မြေဆိုင်ရာ အကောက်ခွန်နှုန်းလျှော့ချမှုအစီအစဉ်ကို ၂၀၂၄ ခုနှစ် ဧပြီ ၁ ရက်တွင် စတင်မည်ဖြစ်ကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အမိန့်ကြော်ငြာစာအမှတ် ၂၀/၂၀၂၄ကို ထုတ်ပြန်ထားသည်။

မြန်မာနိုင်ငံ၏ အာဆီယံ-တရုတ် လွတ်လပ်သော ကုန်သွယ်မှုနယ်မြေဆိုင်ရာ အကောက်ခွန်နှုန်းလျှော့ချမှုအစီအစဉ် myanmar tariff reduction schedule with HS 2022 version under ASEAN- China Free Trade Area ကို ကျင့်သုံးဆောင်ရွက်ရန် အကောက်ခွန်နှုန်း ဥပဒေပုဒ်မ ၄ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ယခုအမိန့်ကြော်ငြာစာကို ထုတ်ပြန်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါအမိန့်ကြော်ငြာစာသည် ၂၀၂၄ ခုနှစ် ဧပြီ ၁ ရက်မှစ၍ အကျိုးသက်ရောက်စေမည် ဖြစ်ကာ ၂၁-၅-၂၀၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၇/၂၀၁၉ ကို ယခုအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့အကောက်ခွန်နှုန်းစာရင်း ၂၀၂၂ ဖြင့် ချိတ်ဆက်ထားသော မြန်မာနိုင်ငံ၏ အာဆီယံ-ဟောင်ကောင်(တရုတ်)လွတ်လပ်သော ကုန်သွယ်မှုနယ်မြေဆိုင်ရာ အကောက်ခွန်နှုန်းလျှော့ချမှုအစီအစဉ် myanmar tariff reduction schedule with HS 2022 version under ASEAN- Hong Kong, China Free Trade Area ကို ကျင့်သုံးဆောင်ရွက်ရန် အကောက်ခွန်နှုန်း ဥပဒေပုဒ်မ၄ အရ အပ်နှင်းထားသည့်လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အမိန့်ကြော်ငြာစာအမှတ် ၁၉ / ၂၀၂၄ ကို ထုတ်ပြန်လိုက်သည်။ အဆိုပါအမိန့်သည် ၂၀၂၄ ခုနှစ် ဧပြီ ၁ ရက်မှစ၍ အကျိုးသက်ရောက်စေမည်ဖြစ်ပြီး ၂၀-၄-၂၀၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၂/ ၂၀၂၀ ကို ယခုအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်ကြောင်း သိရသည်။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် အကောက်ခွန်နှုန်းဥပဒေပုဒ်မ ၄ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ မြန်မာ့အကောက်ခွန်နှုန်းစာရင်း ၂၀၂၂ ဖြင့် ကူးပြောင်းချိတ်ဆက်ထားသည့် မြန်မာနိုင်ငံ၏ အာဆီယံ - ဩစတြေးလျ - နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှုနယ်မြေဆိုင်ရာ အကောက်ခွန်နှုန်း လျှော့ချမှုအစီအစဉ် (Myanmar AANZ Tariff Reduction Schedule in HS 2022) ကို အမိန့်ကြော်ငြာစာ အမှတ် ၄၅/၂၀၂၃ ဖြင့် ထုတ်ပြန်ထားသည်။ အဆိုပါအမိန့်သည် ၂၀၂၃ ခုနှစ် ဩဂုတ် ၁ ရက်မှစ၍ အကျိုးသက်ရောက်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၀ ရက်စွဲပါ အမိန့်အမှတ် ၂၅/၂၀၂၀ ကို အဆိုပါအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်ကြော်ငြာစာ အမှတ် ၄၄/၂၀၂၃ ဖြင့် မြန်မာနိုင်ငံ၏ အာဆီယံအကောက်ခွန်နှုန်း လျှော့ချ/ဖယ်ရှားမှုအစီအစဉ်ကိုလည်း ထုတ်ပြန်ထားသည်။

အာဆီယံဒေသတွင်း ကုန်ပစ္စည်း လွတ်လပ်စွာစီးဆင်းနိုင်ရေးအတွက် အာဆီယံကုန်စည် ကုန်သွယ်ရေးသဘောတူစာချုပ် အပိုဒ် ၁၉ ပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် အကောက်ခွန်နှုန်းဥပဒေပုဒ်မ ၄ ပါ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ အာဆီယံစည်းဝါးညီ အကောက်ခွန်နှုန်းအမည်ပေးစနစ် ၂၀၂၂ ဖြင့် ကူးပြောင်းချိတ်ဆက်ထားသော မြန်မာနိုင်ငံ၏ အာဆီယံ အကောက်ခွန်နှုန်း လျှော့ချ/ဖယ်ရှားမှုအစီအစဉ် (Myanmar ATIGA Tariff Reduction Schedule in AHTN 2022) ကို ထုတ်ပြန်လိုက်သည်။ အဆိုပါအမိန့်ကြော်ငြာစာသည် ၂၀၂၃ ခုနှစ် ဩဂုတ် ၁ ရက်မှစ ၍ အကျိုးသက်ရောက်စေမည်ဖြစ်သည်။

**Source:** https://news-eleven.com/article/289912

## ဖရဲသီးအရည်အသွေးမကောင်းလို့ တရုတ်ဘက်က အဝယ်နည်းပြီး ဈေးကွက်ကျဆင်း

မြန်မာ့ဖရဲသီး အရည်အသွေးကျဆင်းမှုကြောင့် တရုတ်သစ်သီးဝလံဈေးကွက်မှာ ဝယ်လက်နည်းသွားပြီး ဈေးတွေကျဆင်းလာနေတယ်လို့ ဖရဲကုန်သည်တွေနဲ့သစ်သီးပွဲရုံတွေဆီက သိရပါတယ်။

မြန်မာ့ဖရဲသီးတွေထဲမှာ အရည်အသွေးမကောင်းတဲ့ အသီးတွေရော၊ အသီးပုပ်ခြင်း၊ နာခြင်းစတဲ့အဆင်မပြေမှုတွေကြောင့် တရုတ်ကမြန်မာ့ဖရဲကို ဝယ်ယူမှုလျှော့ချပြီး အိမ်နီးချင်းနိုင်ငံတွေကနေ ဝယ်ယူနေတဲ့အတွက် ဖရဲဈေးကွက်က မတည်ငြိမ်ဘဲ ကျဆင်းလာနေတာဖြစ်တယ်လို့သိရပါတယ်။

တရုတ်သစ်သီးဝလံဈေးကွက်ထဲမှာ အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ လာအိုနိုင်ငံက ဈေးကွက် ၅၀ ရာခိုင်နှုန်းလောက်ကို ရယူထားပြီး လက်ရှိမှာ လာအိုကနေ ဖရဲတွေလည်း အဝင်များနေသလို တရုတ်နိုင်ငံကလည်း ဖရဲသီးတွေ ခူးဆွတ်ချိန်ဖြစ်နေတာကြောင့် မြန်မာ့ဖရဲက ဈေးကွက်ပျောက်သလို ဖြစ်နေပါတယ်။ "ဈေးကွက်အကျဘက်ကို ဆက်သွားနေတယ်။ တရုတ်ပြည်တွင်းမှာ အရောင်းဝယ်အေးနေတယ်။ အဓိကတော့ အသီးအရည်အသွေးနဲ့အများဆုံးသက်ဆိုင်တယ်။ ဆူပါမားကက်တို့၊ ဟိုတယ်တို့၊ KTV တို့ သွင်းတဲ့ဝယ်လက်တွေလဲ အရမ်းစိတ်ညစ်နေတယ်၊ သွင်းလိုက်တဲ့အသီးတွေက ပုပ်တော့ ပြန်အမ်းခံနေရတယ်၊ အခုစားသုံးသူတွေက မြန်မာပြည်သီးက စားမကောင်းဘူးပြောတယ်" လို့ သစ်သီးပွဲရုံပိုင်ရှင်တစ်ဦးက ပြောပါတယ်။

ဒါကြောင့် ဖရဲသီးကုန်သည် တောင်သူတွေအနေနဲ့ တရုတ်ကို ဖရဲသီးတင်ပို့ရောင်းချမယ်ဆိုပါက လမ်းခရီးဒဏ် ခံနိုင်ရည်ရှိမဲ့ အရည်အသွေးကောင်း ဖရဲသီးမျိုးကိုသာ တင်ပို့သင့်ပြီး၊ ကုန်ကျစရိတ်ကို တွက်ချက်ပြီး အခြေအနေကို သေချာစုံစမ်းပြီးမှသာ တင်ပို့ရောင်းချကြဖို့ ပွဲရုံပိုင်ရှင်တွေက အကြံပြုပြောပါတယ်။

လက်ရှိမှာတော့ တရုတ်ဘက်မှာ မြန်မာ့ဖရဲသီးဈေးကွက်က 855 ဖရဲသီးအလုံးအရေအတွက် ၈၀၀ ၊ ၉၀၀ ပါရှိတဲ့ ၁၆ တန် ဖရဲသီးကားတစ်စီးကို တရုတ်ယွမ် ၁၅,၀၀၀ မှ ၂၆,၀၀၀ ယွမ်သာဈေးရပြီး ထျမ့်ဝမ်ဖရဲသီးက အစီးပြတ်ကို ယွမ် ၂၀,၀၀၀ မှ ၃၅,၀၀၀ ယွမ်သာရှိနေပါတယ်။

ပြီးခဲ့တဲ့ မတ်လ ၁၀ ရက်လောက်တုန်းက 855 ဖရဲသီး ၁၆ တန် ကားအစီးပြတ်ကို တရုတ်ယွမ် ၃၀,၀၀၀ မှ ၅၀,၀၀၀ ယွမ်အထိရှိပြီး ထျမ့်ဝမ်ဖရဲသီးကလည်း အစီးပြတ်ရောင်းပါက တရုတ်ယွမ် ၅၀,၀၀၀ အထိရရှိခဲ့လို့ လက်ရှိဈေးကွက်နဲ့ယှဉ်ရင် 855 ဖရဲက ယွမ် ၂၄,၀၀၀ အထိပြုတ်ကျပြီး ထျမ့်ဝမ်က ယွမ် ၁၅,၀၀၀ အထိ ဈေးတန်းပြုတ်ကျလာနေတာဖြစ်ပါတယ်။

လက်ရှိမှာ တရုတ်ကို ဖရဲသီးတင်ပို့မှုအနေနဲ့ ရှမ်းပြည်နယ် မိုင်းလား တာလေ့ဂိတ်၊ ကချင်ပြည်နယ် လွယ်ဂျယ်ဂိတ်ကနေသာတင်ပို့နေရပြီး လမ်းကြောင်းနှစ်ခုလုံးက ခရီးရက်ကြာရှည်တဲ့အပြင် ကုန်ကျစရိတ်များပြီး လမ်းပန်းဆက်သွယ်ရေး အခက်အခဲကြောင့် ဖရဲသီးတွေက လမ်းခရီးဒဏ်မခံနိုင်ဘဲ ပျက်စီးမှုရှိနေလို့ အခုလို ဖရဲဈေးကျချိန်မှာ တရုတ်ကိုဖရဲသီးတင်ပို့မှုအပေါ် သေချာစဉ်းစားကြဖို့ သစ်သီးပွဲရုံတွေက အကြံပြုထားပါတယ်။

**Source: AMIA**

**Myanma Awba Group**

## မအူပင်မြို့နယ်တွင် ရှမ်းပြည်နယ်ဘက်မှ ဝင်ရောက်လာသည့် ကြက်သွန်နီများ အရောင်းအဝယ်ကောင်းလျက်ရှိ

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် ရှမ်းပြည်နယ်ဘက်မှ ဝင်ရောက်လာသည့် ကြက်သွန်နီများ အရောင်းအဝယ်ကောင်းလျက်ရှိကြောင်း မအူပင်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးဝင်းက ပြောပြ၍သိရသည်။ ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်သို့ ရှမ်းပြည်နယ်ဘက်မှ ထွက်ရှိသည့် ကြက်သွန်နီများ ပုံမှန်ဝင်ရောက်လျက်ရှိပြီး မတ်လ ပထမပတ်မှစတင်၍ အရောင်းအဝယ်ကောင်းနေကြောင်း၊ ယခုလက်ရှိ ကြက်သွန်နီပိဿာချိန် ၁၀၀ လျှင် ငွေကျပ် ၄,၂၀,၀၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။



"ရှမ်းပြည်နယ်ဘက်မှာ အရင်နှစ်တွေကထက် ဒီနှစ် ကြက်သွန်နီတွေ အထွက်နှုန်းနည်းနေတယ်လို့ သိရပါတယ်။ အထွက်နှုန်းနည်းနေပေမဲ့ ပုံမှန်ဝင်ရောက်နေပါတယ်။ အခြားဒေသတွေကနေ ဧရာဝတီတိုင်းဒေသကြီးကို ကြက်သွန်နီတင်ပို့တာလဲနည်းတယ်။ လက်ရှိပေါက်နေတဲ့ ကြက်သွန်နီဈေးကလဲ သင့်တယ်လို့ပြောရမယ်။ လက်ရှိ ပိဿာချိန် တော်တော်များများ အရောင်းအဝယ်ဖြစ်နေတယ်။ ပွင့်လင်းရာသီရောက်လာတာနဲ့အမျှ ကြက်သွန်နီက အရောင်းအဝယ်တော်တော်

ကောင်းနေပါတယ်။ လက်ရှိတစ်ပတ်ကို ပိဿာချိန် ၁၀၀၀ နဲ့အထက်မှာပဲ အရောင်းအဝယ်ဖြစ်နေပါတယ်” ဟု မအူပင်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးဝင်းကပြောပြသည်။

မအူပင်မြို့နယ်တွင် ယခုလက်ရှိတစ်ပတ်လျှင် ကြက်သွန်နီပိဿာချိန် ၁၀၀၀ မှ ၁၄၀၀ ထိ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ကြက်သွန်နီများ အရောင်းအဝယ်ကောင်းနေခြင်းကြောင့် ကြက်သွန်နီစိုက်ပျိုးသူများ၊ ကုန်စည်သယ်ယူတင်ပို့သည့်လုပ်ငန်းရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများစသည့်လုပ်ငန်းများ အခွင့်အလမ်းကောင်းမွန်စွာ လည်ပတ်လုပ်ကိုင်နေရကြောင်းသိရသည်။

**Source: ရတနာပုံသတင်းစာ**

## ပခုက္ကူကုန်စည်ဒိုင်တွင်ဖြစ်ပေါ်နေသော အာလူးဈေးနှုန်းဈေးကွက်



မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင် အာလူးစိုက်ပျိုးရာ နေရာဒေသများဖြစ်သော ကမ္မ၊ မြစ်ခြေ၊ ပေါက်နယ်များတွင် အာလူးကို တစ်ကွင်းတစ်စပ် ရေသွင်းစိုက်ပျိုးကြသည်။ အာလူးများကို တန်ဆောင်မုန်းလဆန်းတွင် စတင်စိုက်ပျိုးကြပြီး တပို့တွဲလကုန်နှင့် တပေါင်းလဆန်းတွင် တူးဖော်ကြသည်။

အဓိကစိုက်ပျိုးသော အာလူးမျိုးများမှာ တရုတ်ဖြူမျိုးများ ဖြစ်ကြ သည်။ ပခုက္ကူကုန်စည်ဒိုင်တွင် ဒေသထွက်အာလူးများသာမက ရှမ်းပြည်နယ်မှလည်း ဝင်ရောက်အရောင်းအဝယ်ဖြစ်နေကြကြောင်း ကုန်သည်ပွဲစားများထံမှသိရသည်။

အာလူးများမှာ အလုံးအရွယ်အစားနှင့် နေရာဒေသပေါ်မူတည်၍ ဈေးနှုန်းများကွာခြားလျက်ရှိသည်။ ၂၀၂၄ ခုနှစ်၊ မတ်လ (ဒုတိယပတ်)တွင် ကမ္မ၊ မြစ်ခြေနှင့် ပေါက်နယ်များမှ ထွက်သောအာလူးလက်ကားဒိုင်ပြတ်ဈေးမှာ အလုံးကြီးထိပ်စ တစ်ပိဿာလျှင် ကျပ်(၁၉၀၀)၊ အလတ်စတစ်ပိဿာလျှင် ကျပ်(၁၇၀၀)၊ အလုံးသေးတစ်ပိဿာလျှင် ကျပ်(၁၀၀၀)ဖြစ်ပြီး ရှမ်းပြည်နယ်မှ လာသောအာလူးမှာ တစ်ပိဿာလျှင် ကျပ်(၂၀၀၀)ဈေးနှုန်းဖြစ်ကြောင်း ကုန်စည်ဒိုင်မှသိရသည်။

မြို့မစည်ပင်ဈေးနှင့် အမှတ်(၂)ဈေးတို့တွင် ရောင်းချနေသော လက်လီဈေးမှာ အလုံးကြီးတစ်ပိဿာလျှင် ကျပ်(၂၅၀၀)၊ အလုံးလတ်တစ်ပိဿာလျှင် ကျပ်(၂၃၀၀)၊ အလုံးသေးတစ်ပိဿာလျှင် ကျပ်(၁၅၀၀-၁၇၀၀-၁၈၀၀) ဈေးနှုန်းတို့ဖြင့် ရောင်းချနေကြောင်း မြို့မဈေးသည်များထံမှသိရသည်။

**DOCA(မကွေး)**

https://www.doca.gov.mm/my/node/18591

## ဆယ့်တစ်လကျော်ကာလအတွင်း မြန်မာ့သတ္တုတွင်းထွက်ပစ္စည်း ပြည်ပတင်ပို့မှုမှ ကန်ဒေါ်လာ သန်း ၂၅၀ ကျော်ရရှိထား



၂၀၂၃ ခုနှစ် ဧပြီလမှ ၂၀၂၄ ခုနှစ် မတ်လ ၈ ရက်အထိ ၁၁ လကျော်ကာလအတွင်း ပြည်ပနိုင်ငံများသို့ မြန်မာ့သတ္တုတွင်းထွက်ပစ္စည်းများ တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၅၆ ဒသမ ၄၄၀ သန်း ရရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ထားသည့် ကုန်သွယ်မှုအချက်အလက်များအရ သိရသည်။

ပြီးခဲ့သည့်နှစ် အလားတူကာလတွင် အမေရိကန်ဒေါ်လာ ၃၂၃ ဒသမ ၃၆၆ သန်းရရှိခဲ့ပြီး ကာလတူနှိုင်းယှဉ်ပါက ကန်ဒေါ်လာ ၆၆ သန်းကျော် လျော့ကျသွားကြောင်း သိရသည်။

ယခုဘဏ္ဍာနှစ်အတွင်း မြန်မာ့သတ္တုတွင်းထွက်ပစ္စည်းများကို ပြည်ပနိုင်ငံများသို့ နိုင်ငံပိုင်တင်ပို့ရောင်းချမှုမှ ကန်ဒေါ်လာ သန်း ၃၃ သန်းကျော်နှင့် ပုဂ္ဂလိကပိုင် တင်ပို့ရောင်းချမှုမှ ကန်ဒေါ်လာသန်း ၂၂၀ ကျော်ရရှိထားခြင်းဖြစ်သည်။

ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိသည့် မြန်မာ့သတ္တုတွင်းထွက်ပစ္စည်းများမှာ ကျောက်စိမ်း၊ စိန်၊ ရွှေ၊ ပုလဲ၊ ခဲ၊ ခဲမဖြူ၊ အဖြိုက်နက်၊ ကြေးနီ၊ ငွေ၊ ကျောက်မီးသွေး၊ သွပ်နှင့် အခြားတွင်းထွက်သတ္တုများပါဝင်ကြောင်း သိရသည်။

**Source:** https://www.popularmyanmar.com/?p=152818

## မန္တလေးကုန်စည်ဒိုင်ဈေးကွက်တွင် နှမ်းမျိုးစုံဈေးကွက် အဝင်များ၍ဈေးအေးလာ

မတ်လ တတိယပတ်အတွင်း ပခုက္ကူ၊ ကျောက်ဆည်၊ ရွှေဘို၊ ဝက်လက်၊ ဇီးကုန်း၊ မုံရွာ၊ စစ်ကိုင်း နယ်ဘက်မှနှမ်းများ ဝင်ရောက်နေကြောင်း နှမ်းအဝင်များ၍ ဝယ်ယူမှုအေးသောကြောင့် ဈေးအေးနေကြောင်းသိရသည်။ နှမ်းအမျိုးအစားအလိုက်နှင့် အရည်အသွေးအပေါ်မူတည်၍ ၄၅ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခင်တစ်ပတ်၊ ယခင်လထက် အနိမ့်ဆုံး ကျပ် ၅၀၀၀ မှ အမြင့်ဆုံး ၃၀,၀၀၀ ထိ နိမ့်ကျလာကြောင်း မန္တလေးကုန်စည်ဒိုင်ဈေးကွက်မှ သိရသည်။

နှမ်းနက်(စမုန်) ၄၅ ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၃,၆၅,၀၀၀ မှ ၄,၃၀,၀၀၀ ယခင်တစ်ပတ်ကျပ် ၃,၅၀,၀၀၀ မှ ၃,၉၅,၀၀၀၊ ယခင်လကျပ် ၃,၁၀,၀၀၀ မှ ၃,၆၀,၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၅,၀၀၀ မှ ၃၅,၀၀၀၊ ယခင်လထက် ၅၅,၀၀၀ မှ ၇၀,၀၀၀ မြင့်တက်လာသည်။

နှမ်းဖြူ(ရိုးရိုး) ၄၅ ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်ကျပ် ၃,၆၀,၀၀၀ မှ ၄,၀၅,၀၀၀၊ ယခင်တစ်ပတ် ကျပ် ၃,၄၅,၀၀၀ မှ ၃,၇၀,၀၀၀၊ ယခင်လကျပ် ၃,၂၀,၀၀၀ မှ ၃,၅၅,၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက်ကျပ် ၁၅,၀၀၀ မှ ၃၅,၀၀၀၊ ယခင်လထက်ကျပ် ၄၀,၀၀၀ မှ ၅၀,၀၀၀ မြင့်တက်လာသည်။

နှမ်းဖြူ(ဂျပန်) ၄၅ ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်ကျပ် ၄,၁၀,၀၀၀ မှ ၄,၂၀,၀၀၀၊ ယခင်တစ်ပတ် ကျပ် ၃,၉၅,၀၀၀ မှ ၄,၀၀,၀၀၀၊ ယခင်လကျပ် ၃,၆၅,၀၀၀ မှ ၃,၇၀,၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၅,၀၀၀ မှ ၂၀,၀၀၀၊ ယခင်လထက်ကျပ် ၄၅,၀၀၀ မှ ၅၀,၀၀၀ မြင့်တက်လာသည်။

နှမ်းညို ၄၅ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်ကျပ် ၃,၁၇,၀၀၀ မှ ၃,၂၀,၀၀၀၊ ယခင် တစ်ပတ်ကျပ် ၃,၀၅,၀၀၀ မှ ၃,၁၀,၀၀၀၊ ယခင်လကျပ် ၂,၇၀,၀၀၀ မှ ၂,၇၅,၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၀,၀၀၀ မှ ၁၂,၀၀၀၊ ယခင်လထက်ကျပ် ၄၅,၀၀၀ မှ ၄၇,၀၀၀ မြင့်တက်လာသည်။

**Source: မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး**

## နှစ်သစ်ကူးအခါနားနီး၍ အသား၊ ငါးဈေးများ တက်ရိပ်ပြလာ

နှစ်စဉ်ကျင်းပမြဲဖြစ်သည့် မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်ရက် နီးလာပြီဖြစ်၍ မကွေးမြို့တွင် အသားဈေးနှင့် ငါးဈေးများ တက်ရိပ်ပြလာသည်။ အတာသင်္ကြန်ကာလတွင် ပျော်ပွဲရွှင်ပွဲများနှင့်အလှူအတန်းများကြောင့် အသားဈေးနှင့် ငါးဈေးများ ယခင်ဈေးထက် အနည်းငယ်တက်လာတာကို တွေ့ရသည်။

ယခင် ဖေဖော်ဝါရီလတွင် CP ကြက်(အရိုးလွတ်) တစ်ပိဿာလျှင် ကျပ်(၁၆,၀၀၀)ဈေး၊ ငါးကြင်း (ခုတ်သား)တစ်ပိဿာလျှင် ကျပ်(၁၆,၀၀၀)ဈေး၊ ငါးဖယ်(ခြစ်)တစ်ပိဿာလျှင် ကျပ် (၃၀,၀၀၀) ဈေးတို့ဖြင့် ဈေးကွက်ထဲတွင် အရောင်းအဝယ်ဖြစ်ခဲ့ရာမှ ယခု မတ်လတတိယပတ်တွင် CP ကြက် (အရိုးလွတ်) တစ်ပိဿာလျှင် ကျပ်(၁၈,၀၀၀) ဈေး၊ ငါးကြင်း(ခုတ်သား) တစ်ပိဿာလျှင် ကျပ် (၁၈,၀၀၀) ဈေး၊ ငါးဖယ် (ခြစ်)တစ်ပိဿာလျှင် ကျပ်(၃၂,၀၀၀)ဈေးတို့ဖြင့် ပွဲတော်ကာလနီးလာ၍ ဈေးတက်ရိပ်ပြလာကြောင်း သိရသည်။

**Source: မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံး**

## ၂၀၂၄ ခုနှစ်တွင် ဟောင်ကောင်ဒေသ၏ လက်လီရောင်းချမှု ၅ ရာခိုင်နှုန်းမြင့်တက်ရန် မျှော်မှန်း

တရုတ်ပြည်မနှင့်ဟောင်ကောင်ဒေသတို့အကြား နယ်စပ်များပြန်ဖွင့်ခဲ့ခြင်းကြောင့် ၂၀၂၃ ခုနှစ်အတွင်း ဟောင်ကောင်ဒေသ၏ လက်လီရောင်းချမှုကဏ္ဍတွင် တိုးတက်မှုရှိခဲ့ပြီး စုစုပေါင်း လက်လီရောင်းချမှု ၁၆ ရာခိုင်နှုန်း၊ တန်ဖိုးအားဖြင့် ဟောင်ကောင်ဒေါ်လာ ၄၀၇ ဘီလီယံဖိုး ရောင်းချနိုင်ခဲ့ကြောင်း Hong Kong Business သတင်းဌာနမှ ၂၀၂၄ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့တွင် “Hong Kong retail eyes 5% growth in 2024” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားသည်။

ဟောင်ကောင်နှင့် တရုတ်ပြည်မတို့အကြား အပြန်အလှန်ခရီးသွားလာမှုနှင့် ဈေးဝယ်ယူခြင်းတို့ကြောင့် ယခုကဲ့သို့ လက်လီရောင်းချမှု မြင့်တက်ခြင်းဖြစ်ကြောင်း၊ အလားတူ ဘဏ္ဍာဖွင့်လှစ်ခြင်းကြောင့်လည်း ၂၀၂၃ ခုနှစ်၊ ပထမနှစ်ဝက်အတွင်း ဟောင်ကောင်ဒေသ၏ လက်လီရောင်းချမှု သိသိသာသာမြင့်တက်လာစေခြင်းဖြစ်ကြောင်း PwC Asia Pacific ဥက္ကဋ္ဌဖြစ်သူ Michael Cheng က ပြောကြားခဲ့ကြောင်း ရေးသားဖော်ပြထားသည်။

၂၀၂၃ ခုနှစ် အစပိုင်းတွင် လက်လီကဏ္ဍအတွက် အလားအလာကောင်းသော်လည်း ကမ္ဘာ့စီးပွားရေးအခင်းအကျင်း အထူးသဖြင့် အမေရိကန်နိုင်ငံ၏ မရေရာသည့်အတိုးနှုန်းလျှော့ချမည့် မျှော်မှန်းချက်ကြောင့် ဟောင်ကောင်ဒေသ၏ လက်လီရောင်းချမှုအပေါ် သက်ရောက်မှုရှိကြောင်း၊ ဟောင်ကောင်ဒေါ်လာနှင့်ချိတ်ဆက်ထားသည့် အမေရိကန်ဒေါ်လာ၏ ခိုင်မာမှုနှင့် ယွမ်ငွေကြေးအားနည်းလာခြင်းတို့ကြောင့် တရုတ်ပြည်မမှ ခရီးသွားလာရောက်မှုနှင့် ငွေကြေးသုံးစွဲမှု လျော့ကျလာခြင်းဖြစ်ကြောင်း၊ တရုတ်နိုင်ငံမှ ခရီးသွားလာရောက်မှုသည် ဟောင်ကောင်ဒေသ လက်လီရောင်းချမှုလုပ်ငန်းအတွက် သိသိသာသာ အထောက်အကူပြုကြောင်း ရေးသားဖော်ပြထားသည်။


၂၀၂၄ ခုနှစ်အတွင်း လက်လီရောင်းချမှုကဏ္ဍသည် စုစုပေါင်းရောင်းချငွေ ဟောင်ကောင်ဒေါ်လာ ၄၂၈ ဘီလီယံဖြင့် ယခင်နှစ်ကထက် ၅ ရာခိုင်နှုန်းတိုးတက်နိုင်ပြီး သတိထားအကောင်းမြင်ရမည့် အခြေအနေဖြစ်ကြောင်း PwC ခန့်မှန်းချက်တွင် ဖော်ပြထားသည်။ သို့သော် တစ်နှစ်ပတ်လုံး တိုးတက်မှုအနေဖြင့် ၂၀၂၄ နှစ်စပိုင်းတွင် တိုးတက်မှု အသင့်အတင့်ရှိနိုင်ပြီး၊ ဒုတိယနှစ်ဝက်တွင် တိုးတက်မှု အရှိန်အဟုန်ကောင်းလာနိုင်သည်ဟု ခန့်မှန်းထားကြောင်း ရေးသားဖော်ပြထားသည်။

ဟောင်ကောင်ဒေသ အစိုးရအနေဖြင့် ဒေသ၏ 'night economy' မြင့်တင်ရန်နှင့် ကမ္ဘာ့အဆင့်မီ ဖျော်ဖြေရေးပွဲများ လက်ခံကျင်းပရန်ရည်ရွယ်၍ မူဝါဒများချမှတ်ခြင်းအပါအဝင် လက်လီရောင်းချမှုကဏ္ဍအပေါ် တွန်းအားဖြစ်စေရန်နှင့် ခရီးသွားလာရောက်မှု ဆွဲဆောင်နိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ရေးသားဖော်ပြထားသည်။

**Source: စီးပွားရေးသံမှူး၊ ဟောင်ကောင်မြို့**

https://myantrade.gov.mm/article/Naypyitawstp_210220240345

## STOCK EXCHANGE (22.3.2024)




Stock trading data

As of 22nd Mar. 2024

Total Trading (Continuous trading + Block trading)

| Trading Volume | Trading Value |
|---|---|
| 13,061 (Shares) | 40,911,500 (MMK) |

Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,500 | +0 | +0.00% | 8,400 | 8,500 | 8,400 | 267 | 2,243,100 | 33,109,694 | 281,432 |
| MTSH | 00002 | 2,850 | -50 | -1.72% | 2,850 | 2,850 | 2,850 | 11,055 | 31,506,750 | 38,929,150 | 110,948 |
| MCB | 00003 | 7,700 | +0 | +0.00% | 7,700 | 7,700 | 7,700 | 501 | 3,857,700 | 10,400,986 | 80,088 |
| FPB | 00004 | 1,500 | +0 | +0.00% | 1,500 | 1,500 | 1,500 | 148 | 222,000 | 29,664,613 | 44,497 |
| TMH | 00005 | 2,800 | -100 | -3.45% | 2,600 | 2,800 | 2,600 | 301 | 782,800 | 12,823,224 | 35,905 |
| EFR | 00006 | 1,800 | +50 | +2.86% | 1,750 | 1,800 | 1,750 | 339 | 595,750 | 19,977,223 | 35,959 |
| AMATA | 00007 | 4,800 | -100 | -2.04% | 5,000 | 5,000 | 4,600 | 313 | 1,456,800 | 10,497,598 | 50,389 |
| MAEX | 00008 | 1,800 | +0 | +0.00% | 1,800 | 1,800 | 1,800 | 137 | 246,600 | 23,804,946 | 42,849 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 22nd Mar. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 361.61 | -1.74 | -0.48% | 361.12 | 361.61 | 356.85 | 13,061 | 40,911,500 | 8 | 682,067 |

### Index chart




## Market Overview

## Grand Total Trading (Total trading (MB) + Total trading (PLB))

As of 22nd Mar. 2024

| Trading Volume | Trading Value |
|---|---|
| 13,061 (Shares) | 40,911,500 (MMK) |

## Main Board

As of 1:00 pm, 22nd Mar. 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 13,061 (Shares) | 40,911,500 (MMK) |

| MYANPIX | 361.61 ▼ 1.74 |
|---|---|
| Total Volume (shares) | 13,061 |
| Total Value (MMK) | 41 mil |
| Listed Company | 8 |
| Market Cap. (MMK) | 682,067 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,500 | ▲ 0 |
| MTSH | 00002 | 2,850 | ▼ 50 |
| MCB | 00003 | 7,700 | ▲ 0 |
| FPB | 00004 | 1,500 | ▲ 0 |
| TMH | 00005 | 2,800 | ▼ 100 |
| EFR | 00006 | 1,800 | ▲ 50 |
| AMATA | 00007 | 4,800 | ▼ 100 |
| MAEX | 00008 | 1,800 | ▲ 0 |